မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

April 1 , 2026 Volume 101 , Number 1

၁ ၄. ၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၅၄.၁၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၁.၇၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၁၉.၃၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၁.၉၆ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၀.၉၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၂၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၂၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၆.၂၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၈၉ ကျပ် |

## တီထွင်ဆန်းသစ်မှုနှင့် အကြီးမားဆုံး မြန်မာ့ထုတ်လုပ်မှုဆိုင်ရာကုန်စည်ပြပွဲကို ၃ ရက်တိုင် ကျင်းပမည်




မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ် (**MCEF**) ၏ နှစ် (၃၀) ပြည့်ပုလဲရတုအထိမ်းအမှတ် အဖြစ် တီထွင်ဆန်းသစ်မှုနှင့် အကြီးမားဆုံး မြန်မာ့ထုတ်လုပ်မှုဆိုင်ရာ ကုန်စည်ပြပွဲတစ်ခုဖြစ်သည့် **Build-Smart & Biggest Myanmar Production Expo 2026** ကို ကျင်းပသွားမည်ဖြစ်ကြောင်း အသင်းချုပ်ထံမှ သိရပါတယ်။

အဆိုပါကုန်စည်ပြကြီးပွဲကို ရန်ကုန်မြို့ ၊ ကမ္ဘာအေးဘုရားလမ်း၊ အင်းလျားလိတ်ဟိုတယ်ဝင်းရှိ **Yangon Convention Centre ( YCC )** ခန်းမ၌ **Builders Mall Expo** နှင့် ပူးပေါင်း၍ လာမည့် မေလ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့အထိ ၃ ရက်တိုင် ကျင်းပသွားမှာဖြစ်တယ်လို့ သိရပါတယ်။

ပြပွဲအတွင်းရန်ကုန်အိမ်ခြံမြေလုပ်ငန်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာဝန်ဆောင်မှုများ၊ဆောက်လုပ်ရေးကုမ္ပဏီနှင့်ဆောက်လုပ်ရေးပစ္စည်းများ၊ လျှပ်စစ်နှင့်အီလက်ထရွန်းနစ်ပစ္စည်းများ၊ အိမ်တွင်းအလှဆင်ခြင်းနှင့် ခေတ်မီပရိဘောဂပစ္စည်းများနှင့် စက်ယန္တရားကြီးများစသည့် ဆောက်လုပ်ရေးလုပ်ငန်းနယ်ပယ်တစ်ခုလုံးရှိ **MCEF** အသင်းဝင်ကုမ္ပဏီကြီးများသာမက မြန်မာပြည်၏အကြီးမားဆုံးသော စီးပွားရေးလုပ်ငန်းကြီးများလည်း ပါဝင်ပြသသွားရန် စီစဉ်ထားတယ်လို့ သိရပါတယ်။

ထို့ပြင် ပြပွဲတွင် အသင်းချုပ်မှ ပညာရှင်များ၏ နည်းပညာဆိုင်ရာ ဆွေးနွေးဟောပြောပွဲများ၊ အိမ်ခြံမြေနှင့် ပတ်သက်သည့် ဟောပြောပွဲများ၊ အနုပညာရှင်များနှင့် အက

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

ပညာရှင်များ၏ အနုပညာဖျော်ဖြေမှုများလည်း ပါဝင်မှာဖြစ်ကြောင်း သိရပါတယ်။

ထို့ကြောင့် ပါဝင်ပြသရန်စိတ်ပါဝင်စားသည့် ထုတ်ကုန်ပစ္စည်းများနှင့်ကုမ္ပဏီများအနေဖြင့် ပြပွဲ၏ နေရာကောင်းများရရှိနိုင်ရန်အတွက် မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်သို့ ဆက်သွယ်နိုင်ကြောင်း သိရပါတယ်။

**Source : Myanmar Future News Agency**

## သင်္ကြန်ရေကစားပစ္စည်းများ ဈေးကွက်ထဲ စတင်အရောင်းအဝယ်ဖြစ်နေ




သင်္ကြန်ရေကစားသည့်ပစ္စည်းများ မန္တလေးနှင့်အထက်မြန်မာပြည်ဈေးကွက်အတွင်း စတင်ရောင်းချနေကြပြီဖြစ်ကြောင်း သိရပါတယ်။

ပြီးခဲ့သည့် ရက်သတ္တပတ်ကစ၍ လက်လီရောလက်ကားပါရောင်းချပေးနေရကြောင်း မန္တလေးနှင့် အထက်မြန်မာပြည်သို့ လူသုံးကုန်ပစ္စည်းလက်လီလက်ကားဖြန့်ဖြူးရောင်းချနေသည့်လုပ်ငန်းရှင်တစ်ဦးက ပြောပါတယ်။

"ပစ္စည်းတွေက လာမေးကြလွန်းလို့ ခင်းထားတာပါ၊ တချို့လည်း လာကြည့်တယ်၊ဈေးမေးတယ်၊ သင်္ကြန်နားကပ်မှ အလုအယက်ဝယ်ကြမယ် ထင်ပါတယ်၊ လောလောဆယ် နည်းနည်းတော့ ရောင်းနေရတယ်၊ ပြန်ရောင်းသမားတွေလည်း ဒီနှစ်အစောကြီးလာဝယ်နေကြပြီ"လို့ ၎င်းကဆိုပါတယ်။

ပစ္စည်းဈေးနှုန်း ယခင်နှစ်များကထက် နှစ်ဆခန့်ဈေးမြင့်တက်နေသော်လည်း သင်္ကြန်မတိုင်ခင်တစ်လခန့်အလိုကတည်းက အရောင်းအဝယ်အထိုက်အလျောက်ဖြစ်နေကြကြောင်း သိရပါတယ်။

ယခုနှစ်သင်္ကြန်ပွဲတော်ကို ၅ နှစ်တာအတွင်း အစည်ကားဆုံးသင်္ကြန်ပွဲတော်အဖြစ်ကျင်းပပြုလုပ်သွားနိုင်ရန် ဒေသအလိုက်အာဏာပိုင်အဖွဲ့အစည်းအသီးသီးက စီစဉ်ပြင်ဆင်နေကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထင်ဟပ်ပေါ်လွင်စေမည့် သင်္ကြန်ပွဲတော်အဖြစ်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာထားပါတယ်။

**Source :** https://opinionleadersmedia.com/

## ဖရဲသီးဈေးနှုန်း အနည်းငယ်မြင့်တက်



မန္တလေးတိုင်းဒေသကြီး ၊ ကျောက်ဆည်ခရိုင်သည် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ဆောင်ရွက်သော ဒေသတစ်ခုဖြစ်ပြီး သီးနှံမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိရာ ဈေးကွက်ဝယ်လိုအားရှိသော ဖရဲသီးနှံကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ ဖရဲစိုက်ပျိုးမှုအနေဖြင့် မျိုးစေ့ဝယ်၍ ပျိုးထောင် စိုက်ပျိုးရကြောင်း၊ ပျိုးသက်တမ်း ၂၀ ရက်တွင် စိုက်ခင်းထဲသို့ ပြောင်းရွှေ့ စိုက်ပျိုးရကြောင်း၊ မျိုးစေ့ကို စိုက်ပျိုးရေးဆေးဆိုင်များမှ ဝယ်ယူစိုက်ပျိုးကြကြောင်း၊ ဖရဲမျိုးစေ့တစ်ထုပ်လျှင် ၃၀,၀၀၀ -၃၅,၀၀၀ ကျပ်ဖြင့် ဝယ်ယူရကြောင်း၊ တစ်ဧကမျိုးထုပ် ၁၀ ထုပ် စိုက်ပျိုးရကြောင်း၊ တစ်ဧကကုန်ကျစရိတ်အနေဖြင့် မျိုး၊သွင်းအားစု၊ လုပ်သားခ၊ ပလတ်စတစ်လိပ်ဖိုးများအပါအဝင် စုစုပေါင်း ၄,၀၀၀,၀၀၀ ကျပ်ခန့် ကုန်ကျကြောင်း၊ သွင်းအားစုများ ပိုမိုသုံးစွဲပါက ကုန်ကျစရိတ် ပိုမိုများပြားနိုင်ကြောင်း၊ စိုက်ပျိုးပြီး ရက် ၃၀ အကြာတွင်ပန်းများစတင်ပွင့်ပြီးပန်းပွင့်ပြီး ၂၅ ရက်၊ ၃၀ ရက်တွင် အသီးများစတင်ခူးခွတ်နိုင်ပြီးဖြစ်ကြောင်း၊ စိုက်ပျိုးမှု မျိုးအနေဖြင့် ကျောက်စိမ်း ဖရဲ၊ ဒိုးကျည်ဖရဲနှင့် 855 ဖရဲမျိုးများ စိုက်ပျိုးကြကြောင်း၊

တစ်ဧကအထွက်နှုန်းအနေဖြင့် အလုံးပေါင်း ၆၀၀၀ ခန့် ထွက်ရှိကြောင်း၊ ခရိုင်အတွင်း လက်ရှိစိုက်ပျိုးမှု အနည်းငယ်သာရှိပြီး ထွက်ရှိသော ရွာမှာ ရှင်ငယ်ပြေးရွာဖြစ်ကြောင်း၊ ယခုလက်ရှိဈေးကွက်အတွင်း ဝင်ရောက်နေသော ဖရဲသီးများမှာမြို့နယ်အတွင်း ထွက်ရှိသောအသီးများနှင့် ဝမ်းတွင်းမြို့နယ်၊ ဆည်ရွာမှ ထွက်ရှိသော ဖရဲများ ဖြစ်ပြီး ယခင် ကျောက်စိမ်း ဖရဲသီး တစ်လုံးလျှင် အလုံးသေး ၂၃၀၀ ကျပ်၊ အလုံးကြီး ၃၅၀၀ ကျပ်၊ 855 ဖရဲတစ်လုံးလျှင် အလုံးကြီး ၄၀၀၀၊ အလုံးသေး ၃၀၀၀ ကျပ်တို့ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ ယခု ကျောက်စိမ်းဖရဲသီး တစ်လုံးလျှင် အလုံးသေး ၃၀၀၀ ကျပ်၊ အလုံးကြီး ၅၀၀၀-၆၀၀၀ ကျပ်၊ 855 ဖရဲတစ်လုံးလျှင် အလုံးကြီး ၅၀၀၀ ၊ အလုံးသေး ၄၀၀၀ ကျပ်ရှိကြောင်း၊ ရာသီချိန် ဖြစ်သည့်အတွက် ဈေးကွက်အတွင်း ဝယ်လိုအားများလာသည့်အတွက် ဖရဲသီးဈေးနှုန်း အနည်းငယ်မြင့်တက်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် မြို့ပေါ်ရှိ သစ်သီး ဆိုင်များ၊ သစ်သီးပွဲရုံများနှင့် ဈေးများသို့ရောင်းချလျက်ရှိပြီး ပွဲရုံများမှတစ်ဆင့် မန္တလေးမြို့၊ ရန်ကုန်မြို့များသို့ တင်ပို့လျက် ရှိကြောင်း၊ သစ်သီးဆိုင်များမှ စိုက်ခင်းထဲအရောက် လာရောက်ဝယ်ယူသူများလည်းရှိကြောင်း သိရသည်။

**Source:DOCA(မန္တလေး)**

## ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက် ပီလောပီနံဥများ အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ ဒေသထွက် ပီလောပီနံဥများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း လယ်ယာထွက် ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးထံကသိရသည်။

ကျောင်းကုန်းမြို့နယ်တွင် မတ်လတတိယပတ်မှစ၍ လက်ရှိအချိန်ထိ ဒေသ ထွက် ပီလောပီနံဥများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိပြီး ပီလောပီနံဥများ တစ်ရက်လျှင် ပိဿာချိန် ၃၅၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ပီလောပီနံဥတွေ အရောင်းအဝယ်ကောင်းနေပါတယ်၊ အခုလို ပီလောပီနံဥတွေ ပေါ်နေတဲ့အချိန် အရောင်းအဝယ် ကောင်း မွန်နေတော့ စိုက်တဲ့တောင်သူတွေနဲ့ လယ်ယာလုပ်သားတွေ အဆင်ပြေလာတာတွေ့ရပါတယ်၊ မနှစ်ကထက် ပီလောပီနံဥစိုက် တဲ့သူတွေ နည်းသွားတာကြောင့် အခုနှစ် ပီလောပီနံဥတွေကို ဒေသဈေးကွက်အပြင် အခြားဈေးကွက်တွေကပါ အဝယ်လိုက်နေ လို့ အရောင်းအဝယ်ကောင်းနေတာပါ"ဟု ၎င်းကပြောသည်။

ပီလောပီနံဥ တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ အထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source : ရတနာပုံသတင်းစာ**

## ကျောက်ဆည်မြို့နယ်တွင် ကြက်သွန်ဖြူများစတင်ထွက်ရှိ



ကျောက်ဆည်ခရိုင်သည် ဆည်ရေသောက်ဒေသတစ်ခု ဖြစ်ပြီး သီးနှံမျိုးစုံ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ စပါး ၊ ပဲ ၊ ပြောင်းသီးနှံများအပြင် စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ကြက်သွန်ဖြူသီးနှံကိုလည်းစိုက်ပျိုးလျက်ရှိသည်။

ကျောက်ဆည်မြို့နယ်အတွင်း ကြက်သွန်ဖြူ စိုက်ဧက ၁၂၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သက်ဆိုင်ရာဌာနများ၏ စာရင်း များအရ သိရသည်။

ယခုအခါ ကြက်သွန်ဖြူများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး မတ်လအတွင်း စတင်ရိတ်သိမ်းမည်ဖြစ်ကြောင်း၊ အများဆုံး စိုက်ပျိုးသော ကျေးရွာများမှာ ပေါင်လောင်၊ ပြည်တော်သာ၊ အရှေ့သာဂရ၊ ရဲဘော်လေးရွာများ ဖြစ်သည်။

စိုက်ပျိုးမှုအနေဖြင့် ကြက်သွန်ဖြူကို အတက်ကလေးများနွှာပြီး စိုက်ပျိုးရကြောင်း၊ အများဆုံးစိုက်ပျိုးသော မျိုးများမှာ ဗမာမျိုးများကိုသာ အဓိကထားစိုက်ပျိုးကြကြောင်း၊ ကြက်သွန်ဖြူ ၁ ဧက စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်း သိန်း ၂၅ ကျော်ခန့်ကုန်ကျကြောင်း၊ ထွက်ရှိမှုအနေဖြင့်(၁)ဧက အထွက်နှုန်း ၈၀၀-၁၀၀၀ ပိဿာ ကျော်ထွက်ရှိခဲ့ကြောင်း၊ ယခုနှစ် ကြက်သွန်ဖြူဈေးနှုန်းအနေဖြင့် ၁ ပိဿာလျှင် ၅၀၀၀ - ၆၀၀၀ ကျပ် အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ အကျိုးအမြတ်အနေဖြင့် စိုက်ပျိုးစရိတ်နုတ်ပြီး ၂၀ သိန်းကျော် မြတ်ခဲ့ကြောင်း၊ လက်လီကြက်သွန်ဖြူ ၁ ပိဿာ ပေါက်ဈေးအနေဖြင့် ၆၀၀၀-၇၀၀၀ ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ ကြက်သွန်ဖြူရောင်းဝယ်မှုအနေဖြင့် ပွဲစားများမှ စိုက်ခင်းထဲအရောက် လာရောက်ဝယ်ယူကြကြောင်း၊ မြို့ပေါ်ပွဲရုံများသို့လည်း တိုက်ရိုက် တင်ပို့ရောင်းချကြကြောင်း၊ ကြက်သွန်ဖြူထွက်ရှိချိန်တွင် ဈေးနှုန်းများကောင်းမွန်ပါက တောင်သူများအကျိုးအမြတ် ပိုမိုဖြစ် ထွန်းနိုင်မည်ဖြစ်ကြောင်း ကြက်သွန်ဖြူစိုက်ပျိုးသော တောင်သူတစ်ဦးထံက သိရသည်။

**Source : DOCA(မန္တလေး)**

## အမေရိကန်က နိုင်ငံပေါင်း ၆၀ အပေါ် ပုဒ်မ ၃၀၁ အရ ကုန်သွယ်ရေးဆိုင်ရာ စုံစမ်းမည့်ကိစ္စသည် ကမ္ဘာ့ကုန်သွယ်ရေးစနစ်ကို ပြင်းထန်စွာ အနှောင့်အယှက်ဖြစ်စေကြောင်း တရုတ်ပြောကြား

၂၀၂၆ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် အမေရိကန်က တရုတ်အပါအဝင် နိုင်ငံပေါင်း ၆၀ မှ သွင်းကုန်များကို အတင်းအကျပ်ဖိအားပေး ထုတ်လုပ်ခဲ့သည်ဟု စွပ်စွဲကာ ၎င်း၏ ပုဒ်မ ၃၀၁ အရ စုံစမ်းစစ်ဆေးရန် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါကြေညာချက်သည် အမေရိကန်ပြည်တွင်းလုပ်ငန်းများအပေါ် ကာကွယ်မှုတစ်ရပ်ဖြစ်ပြီး နိုင်ငံတကာကုန်သွယ်မှုကို အနှောင့်အယှက်ဖြစ်စေကြောင်း၊ သို့ဖြစ်ရာ ကြေညာချက်ကိုချက်ခြင်းပြင်ဆင်ပေးရန်နှင့် ပြဿနာများကို ညှိနှိုင်းဆွေးနွေးခြင်းဖြင့် ဖြေရှင်းရန် တရုတ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အမေရိကန်သည် မူလက နိုင်ငံပေါင်း ၁၆ နိုင်ငံကို ထုတ်လုပ်မှုစွမ်းရည်လွန်ကဲသည်ဟုစွပ်စွဲထားပြီး တစ်ရက်အကြာတွင် တရုတ်အပါအဝင် နိုင်ငံပေါင်း ၆၀ ကို ပုဒ်မ ၃၀၁ ဖြင့် စုံစမ်းစစ်ဆေးရန် ထပ်မံကြေညာခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အမေရိကန်သည် ယခင်ကတည်းက တရုတ်ထုတ်ကုန်များအပေါ် ကုန်သွယ်ရေးတားမြစ်မှုများ ချမှတ်နိုင်ရန် အတင်းအဓမ္မခိုင်းစေသည်ဟု စွပ်စွဲချက်များ လုပ်ကြံဖန်တီးခဲ့ကြောင်း၊ ယင်းလုပ်ရပ်များကို တရုတ်က ပြင်းထန်စွာကန့်ကွက်ကြောင်း၊ တရုတ်သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)၏ တည်ထောင်သူအဖွဲ့ဝင်နိုင်ငံဖြစ်ကာ အလုပ်သမားဆိုင်ရာနိုင်ငံတကာသဘောတူညီချက် ၂၈ ခုကို အတည်ပြု လက်မှတ်ရေးထိုးထားကြောင်း၊ ထို့ပြင် အတင်းအဓမ္မခိုင်းစေမှုများကိုတားဆီးရန် အလုပ်သမားဥပဒေများ၊ စည်းမျဉ်းများဖြင့် ဘက်စုံလွှမ်းခြုံသော စနစ်ကို တည်ထောင်ထားပြီး အရေးယူဆောင်ရွက်နေကြောင်း၊ အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှုကို နိုင်ငံရေးလက်နက်သဖွယ် အသုံးပြုနေသော အမေရိကန်သည် ၁၉၃၀ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော "အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှုဆိုင်ရာ နိုင်ငံတကာသဘောတူညီချက် (1930 Forced Labor Convention)"ကို အတည်ပြုလက်မှတ်ရေးထိုးထားခြင်း မရှိကြောင်း၊ တရုတ်နှင့် အခြားနိုင်ငံ ၆၀ အပေါ် ပုဒ်မ ၃၀၁ အရ စုံစမ်းစစ်ဆေးမှုများပြုလုပ်ခြင်းသည် တစ်ဖက်သတ်၊ အနိုင်ကျင့်၊ ခွဲခြားဆက်ဆံမှုဖြစ်ပြီး ကုန်သွယ်မှုဆိုင်ရာအတားအဆီးအသစ်များ ဖန်တီးရန်ကြိုးစားနေကြောင်း ပြောကြားခဲ့သည်။

အမေရိကန်သည် ယခင်ကလည်း တရုတ်ကုန်စည်များအပေါ် ပုဒ်မ ၃၀၁ ဖြင့် အခွန်ကောက်ခံခဲ့ရာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO) က ၎င်း၏ စည်းမျဉ်းများကို ချိုးဖောက်သည်ဟု ဆုံးဖြတ်ခဲ့ဖူးကြောင်း၊ ထပ်မံ၍ ပုဒ်မ ၃၀၁ အရ စုံစမ်းစစ်ဆေးရန်

ကြိုးပမ်းခြင်းသည် အမေရိကန်ပြည်တွင်းဥပဒေကို နိုင်ငံတကာစည်းမျဉ်းများအထက်တွင် ထားရှိခြင်းဖြစ်ပြီး ကမ္ဘာ့စက်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်များ၏ တည်ငြိမ်မှုနှင့်လုံခြုံမှုကိုထိခိုက်စေကြောင်း၊ တရုတ်သည် အမေရိကန်၏ စုံစမ်းစစ်ဆေးမှုကို အနီးကပ်စောင့်ကြည့်သွားမည်ဖြစ်ပြီး တရားဝင်အခွင့်အရေးများနှင့် အကျိုးစီးပွားကို ကာကွယ်ရန်လိုအပ်သော အစီအမံများကို ဆောင်ရွက်သွားမည်ဟု CGTN သတင်းဌာနက ဖော်ပြထားသည်။

**Source:** https://news.cgtn.com/news/

https://commerce.gov.mm/

## ကော်ဖီနှင့် လက်ဖက်ရည်ဆိုင်လုပ်ငန်းဈေးကွက် တန်ဖိုး ၁ ဒသမ ၃ ဘီလီယံဒေါ်လာကျော်ရှိလာသည့် ဗီယက်နမ်




စင်္ကာပူအခြေစိုက် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ Momentum Works ၏ အဆိုအရ ဗီယက်နမ်နိုင်ငံရှိ ကော်ဖီနှင့် လက်ဖက်ရည်ဆိုင်ဈေးကွက်ကွင်းဆက်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံကျော်ရှိပြီး အရှေ့တောင်အာရှတွင် အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံများ၏နောက်တွင် တတိယအကြီးဆုံးအဖြစ် ရပ်တည်နေကြောင်း သိရသည်။

"Southeast Asia Coffee and Tea Chains 2026" အစီရင်ခံစာအရ ဗီယက်နမ်၏ ကော်ဖီဈေးကွက်ကွင်းဆက်တန်ဖိုးသည် ၂၀၂၅ ခုနှစ်က အမေရိကန်ဒေါ်လာ ၇၂၅ သန်းသို့ရောက်ရှိခဲ့ပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၂၇ ရာခိုင်နှုန်းတိုးတက်ခဲ့ကာ မလေးရှားနောက်တွင် ဒုတိယအမြန်ဆုံး တိုးတက်မှုဖြစ်ကြောင်း သိရသည်။

လက်ဖက်ရည်ဈေးကွက်ကွင်းဆက်တန်ဖိုးမှာလည်း အမေရိကန်ဒေါ်လာ ၆၁၇ သန်းရှိလာပြီး ၂၈ ရာခိုင်နှုန်း တိုးတက်ခဲ့ကာ ထိုင်းနိုင်ငံနောက်တွင် ရပ်တည်နေကြောင်း သိရသည်။

ဗီယက်နမ်တွင် Milano Coffee သည် နိုင်ငံတစ်ဝှမ်း ဆိုင်ခွဲ ၂၅၀၀ ခန့်ဖြင့် အကြီးဆုံးကော်ဖီဆိုင် ကွင်းဆက်အဖြစ်ရပ်တည်နေပြီး Highlands Coffee သည် ဆိုင်ခွဲ ၉၈၅ ခန့်ဖြင့် ဒုတိယနေရာတွင် ရပ်တည်နေကြောင်း သိရသည်။

Highlands Coffee ၏ ၂၀၂၅ ခုနှစ် ဝင်ငွေ တိုးတက်မှုမှာ ၁၆ ရာခိုင်နှုန်းခန့်ရှိခဲ့ကြောင်း သိရသည်။

အခြားအဓိက ကော်ဖီအမှတ်တံဆိပ်များတွင် Phuc Long၊ Starbucks နှင့် Katinat တို့ ပါဝင်ကြောင်း သိရသည်။

လက်ဖက်ရည် ကဏ္ဍတွင် ToCoToCo သည် ဆိုင်ခွဲ ၁၀၀၀ နီးပါးဖြင့် ဦးဆောင်နေပြီး Hong Tra Ngo Gia သည် ဆိုင်ခွဲ ၅၀၀ ခန့်ဖြင့် ဒုတိယနေရာမှ ရပ်တည်နေကြောင်း သိရသည်။

ထို့ပြင် Gong Cha၊ Koi Thé၊ The Alley နှင့် Tiger Sugar တို့သည် ဆိုင်ခွဲ ၅၀ မှ ၇၀ အကြား အသီးသီးလည်ပတ်လျက်ရှိကြောင်း သိရသည်။

ဒေသအတွင်း တတိယအကြီးဆုံးဈေးကွက်ဖြစ်သော်လည်း ဗီယက်နမ်တွင် ဆိုင်ခွဲ ၁၀၀၀ ကျော်ရှိသည့် အမှတ်တံဆိပ်မှာ Milano Coffee တစ်ခုတည်းသာရှိပြီး အရှေ့တောင်အာရှတစ်ဝှမ်းတွင် ထိုသို့သော အမှတ်တံဆိပ် ၁၁ ခု ရှိနေသည်ဟု Momentum Works က ပြောကြားခဲ့သည်။

ထို့ပြင် အရှေ့တောင်အာရှ ကော်ဖီနှင့်လက်ဖက်ရည်ဈေးကွက် ကွင်းဆက်တန်ဖိုးသည် ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံနီးပါးရှိခဲ့ကြောင်း သိရသည်။

အနာဂတ်တွင် ပြိုင်ဆိုင်မှုသည် ဆိုင်ခွဲတိုးချဲ့မှုထက် လည်ပတ်မှုထိရောက်မှု၊ ဒစ်ဂျစ်တယ်အခြေခံစနစ်များနှင့် ထောက်ပံ့ရေးကွင်းဆက်ကောင်းမွန်ရေးတို့အပေါ် အခြေခံလာမည်ဟု ခန့်မှန်းရကြောင်း သိရသည်။

**Source : Vietnam Plus**

**DOCA (ရန်ကုန်)**

# STOCK EXCHANGE (1.4.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 31st Mar. 2026

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 29,773 (Shares) | 144,138,600 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 13,500 | -1,500 | -10.00% | 14,500 | 14,500 | 13,500 | 402 | 5,549,000 | 33,109,694 | 446,981 |
| MTSH | 00002 | 6,200 | +0 | +0.00% | 6,200 | 6,200 | 6,100 | 8,370 | 51,884,000 | 38,929,150 | 241,361 |
| MCB | 00003 | 9,200 | -400 | -4.17% | 9,200 | 9,200 | 9,200 | 3 | 27,600 | 10,400,986 | 95,689 |
| FPB | 00004 | 4,300 | -100 | -2.27% | 4,300 | 4,500 | 4,200 | 19,320 | 83,075,200 | 29,664,613 | 127,558 |
| TMH | 00005 | 3,400 | +0 | +0.00% | 3,400 | 3,400 | 3,400 | 0 | 0 | 12,823,224 | 43,599 |
| EFR | 00006 | 1,850 | +50 | +2.78% | 1,850 | 1,850 | 1,800 | 1,400 | 2,532,500 | 19,977,223 | 36,958 |
| AMATA | 00007 | 3,900 | +0 | +0.00% | 3,900 | 3,900 | 3,900 | 0 | 0 | 10,497,598 | 40,941 |
| MAEX | 00008 | 3,850 | +50 | +1.32% | 3,850 | 3,850 | 3,850 | 278 | 1,070,300 | 23,804,946 | 91,649 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 31st Mar. 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 596.30 | -28.95 | -4.63% | 616.06 | 617.00 | 592.14 | 29,773 | 144,138,600 | 8 | 1,124,736 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 31st Mar. 2026

| Trading Volume | Trading Value |
|---|---|
| 29,846 (Shares) | 144,379,550 (MMK) |

## Main Board

As of 1:00 pm, 31st Mar. 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 29,773 (Shares) | 144,138,600 (MMK) |

| MYANPIX | 596.30 ▼ 28.95 |
|---|---|
| Total Volume (shares) | 29,773 |
| Total Value (MMK) | 144 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,124,736 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 13,500 | ▼ 1,500 |
| MTSH | 00002 | 6,200 | ▲ 0 |
| MCB | 00003 | 9,200 | ▼ 400 |
| FPB | 00004 | 4,300 | ▼ 100 |
| TMH | 00005 | 3,400 | ▲ 0 |
| EFR | 00006 | 1,850 | ▲ 50 |
| AMATA | 00007 | 3,900 | ▲ 0 |
| MAEX | 00008 | 3,850 | ▲ 50 |